Chin National Front
General Headquarters
CHINLAND

# တတိယအကြိမ် ဗဟိုကော်မီတီ အစည်းအဝေးထုတ်ပြန်ချက်

ချင်းအမျိုးသားတပ်ဦး၏ ဒုတိယအကြိမ်ပါတီညီလာခံသက်တမ်း၊ တတိယအကြိမ်ဗဟိုကော်မီတီအစည်းအဝေးကို ၂၀၀၀ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့မှ စက်တင်ဘာ (၂၄) ရက်နေ့အထိ ပါတီဗဟိုဌာချုပ်တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးတွင် ပြည်တွင်းပြည်ပရှိ တပ်ဦးခေါင်းဆောင်များ ပါဝင်တက်ရောက်ကြပါသည်။

ယနေ့ မြန်မာ့နိုင်ငံအရေးအကြပ်အတည်းကို ဖြေရှင်းရာတွင် ပြည်ထောင်စုအတွင်းရှိ အမျိုးသားများပြန်လည်ရင်ကြားစေ့ရေးကိုဦးတည်သော တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်လာစေရေးနှင့် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အခြေခံသော ပြည်သူ့လွှတ်တော်ပေါ်ထွန်းလာစေရေးကိုလည်းကောင်း၊ ချင်းအမျိုးသားတို့၏ သီးခြားဂုဏ်အင်လက္ခဏာနှင့် အမျိုးသားသွေးစည်းညီညွတ်မှုဖော်ဆောင်ရေးကိုလည်းကောင်း၊ နိုင်ငံရေးရှေ့လုပ်ငန်းစဉ်များအဖြစ် တညီတညွတ်တည်း ချမှတ်ခဲ့သည်။

တတိယအကြိမ်ဗဟိုကော်မီတီအစည်းအဝေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)မှ ချင်းလဲန်ပြည်သူများအပေါ် တရားဥပဒေမဲ့ညှင်းပန်းနှိပ်စက်ခြင်း ဖမ်းဆီးအကျဉ်ချခြင်း၊ သတ်ဖြတ်ခြင်းများနှင့် အတိုက်အခံနိုင်ငံရေးပါတီများအပေါ် ရန်ပြုတိုက်ခိုက်ခြင်းများကို အပြင်းအထန်ရှုတ်ချသည်။ ထို့အပြင် ဒီမိုကရေစီတောင်းဆိုနေကြသည့် လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများအပေါ် စစ်အင်အားသုံးတိုက်ခိုက်နိုင်ရေးအတွက် အိမ်နီနားချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဝေဖန်သုံးသပ်ခြင်းပြုလုပ်ခဲ့သည်။ ဤလုပ်ရပ်များအပေါ် ပါတီမူဝါဒများချမှတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ရေးဆွဲခြင်းကို ပြုလုပ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားကမ္ဘာ့နိုင်ငံကြီးများအနေဖြင့် အတိုက်အခံအင်အားစုများ၏ လှုပ်ရှားမှုနှင့်ဆက်စပ်ပြီး ပိတ်ဆို့နေသော မြန်မာ့နိုင်ငံရေးအကြပ်အတည်းအပေါ်ထိရောက်၍ လက်တွေ့ကျသော အရေးယူမှုများပြုလုပ်မှသာလျှင် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုပိုမိုပြီး လျှင်မြန်စေမည်ဟု ဝေဖန်သုံးသပ်ကြသည်။ အတင်းအဓမ္မ အလုပ်စေခိုင်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ရေး (ILO)၏ထောက်ပြချက်နှင့် နအဖအဖွဲ့သည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် ကမ္ဘာမှာ အညံ့ဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် အစီရင်ခံစာထောက်ပြချက်တို့၏ လက္ခဏာရပ်များသည် မြန်မာ့နိုင်ငံရေးအကြပ်အတည်း၏ဆိုးဝါးသော အကျိုးဆက်များကို နိုင်ငံတကာ၌ ပိုမိုထင်ရှားစေပြီး နိုင်ငံရေးဖြေရှင်းမှုပြုလုပ်ရန် ပြည်တွင်းပြည်ပမှ တောင်းဆိုချက်များကို ပိုမိုလေးနက်ခိုင်မာစေကြောင်း ဝေဖန်သုံးသပ်ကြပါသည်။

ရှေ့လုပ်ငန်းစဉ်များဖော်ဆောင်ရေးအတွက် ပြည်တွင်းပြည်ပရှိ အလွှာပေါင်းစုံမှ ပြည်သူလူထုနှင့် အတိုက်အခံအင်အားစုအနေဖြင့် နိုင်ငံတကာတောင်းဆိုချက်နှင့် ဟန်ချက်ညီသောနိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုများကို ပိုမိုမြှင့်တင်ပြုလုပ်ရန်ဖြစ်သည်။ ဤတွင် မိမိတို့ ချင်းအမျိုးသားပြည်သူများအနေဖြင့် သွေးစည်းညီညွတ်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အထူးလိုအပ်လှပါသည်။ အမျိုးသားသွေစည်းညီညွတ်မှုအင်အားဖြင့်သာ ကျွန်ုပ်တို့၏ အမျိုးသားရေးကံကြမ္မာကို အဆုံးအဖြတ်ပေးမည်ဟု ချင်းအမျိုးသားတပ်ဦး (CNF)က အလေးအနက်ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ အမျိုးသားရေးအခွင့်အရေးကို သိနားလည်လျှက် မိမိတို့ကျရာကဏ္ဍမှ အမျိုးသာရေးတာဝန်တွင် ပါဝင်ဆင်နွဲကြပါရန် ဗဟိုကော်မီတီအစည်းအဝေးမှ ပန်ကြားထုတ်ပြန်အပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
၂၀၀၀ပြည့်နှစ်၊စက်တင်ဘာလ (၂၆) ရက်နေ့။